ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

ညွှန်ကြားချက်အမှတ် ၂/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိထားသူများ လုပ်ငန်းဆောင်ရွက်ရာတွင်**
**လိုက်နာရမည့်ညွှန်ကြားချက်**

၁။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရန် တာဝန်ရှိသဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမ ့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လုပ်ငန်းလိုင်စင်ကို ဟိုတယ်၏ဧည့်ကြိုကောင်တာ သို့မဟုတ် ထင်ရှားမြင်သာသောနေရာတွင် ချိတ်ဆွဲတပ်ဆင်ထားရမည်။

(ခ) ဤလိုင်စင်ဖြင့် ခွင့်ပြုသော လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ဂ) လိုင်စင်တွင် ဖော်ပြထားသည့် အမည်မှတစ်ပါး အခြားအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) လိုင်စင်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ အပ်နှံခြင်း မပြုရ။

(င) ပျက်ပြယ်သောလိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(စ) ဟိုတယ်ပရိဝုဏ်အတွင်း ဥပဒေနှင့်အ ီ လုပ်ကိုင်ခွင့်ပြုထားသော လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ဆ) ဟိုတယ်ပရိဝုဏ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊သုံးစွဲခြင်းနှင့် အခြားတည်ဆဲဥပဒေများနှင့် ငြိစွန်းသည့် ကိစ္စရပ်များပြုလုပ်ခြင်း မပြုရ။

(ဇ) ဟိုတယ်ပရိဝုဏ်အတွင်းပြည့်တန်ဆာလုပ်ငန်းနှင့် ပတ်သက်သည့်လုပ်ငန်းရပ်များအား ပြုလုပ်ခြင်း၊ အားပေးကူညီခြင်းမပြုရ။

(ဈ) နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ည) နိုင်ငံတော်၏တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

(ဋ) မန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့်နည်းဥပဒေများအရ ဖွဲ့စည်းတာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

(ဌ) လုပ်ငန်းလိုင်စင်နှင့်ဟိုတယ်ပိုင်ဆိုင်မှုတို့အတွက် အငြင်းပွားမှုများ ဖစ်ပွါးပါက သက်ဆိုင်ရာတရားရုံးဆုံး ဖတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်မှုကို လိုက်နာရမည်။

၃။ ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိထားသူများသည် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က ) သတ်မှတ်ထားသည့် ဟိုတယ်အမျိုးအစား၊ အဆင့်အတန်းနှင့် လျော်ညီသည့် ပရိဘောဂများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ကိရိယာများကို ပြည့်စုံစွာဖြည့်ဆည်းထားရှိရမည်။

(ခ ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ဟိုတယ်အဆောက်အအုံ ကြံ့ခိုင်ရေးနှင့်သန့်ရှင်းရေးတို့အတွက် သင့်လျော်သည့် ပြုပြင်ထိန်းသိမ်းရေးအစီအမံများဆောင်ရွက်ထားရမည်။

(ဃ ) အခန်းနှင့် ဝန်ဆောင်မှုတစ်ခုခုအတွက် ကြိုတင်စာရင်းပေးပါက မှတ်ပုံတင်ခြင်းအပါအဝင် ကြိုတင်ရောင်းချရေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို သတ်မှတ်သည့်အတိုင်း ပြည့်စုံမှန်ကန်စွာ ရေးသွင်းရမည်။

(င ) အပိုဒ်ခွဲ(ဃ) ပါအတိုင်း ကြိုတင်စာရင်းပေး မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ လက်ခံအတည်ပြုကြောင်း သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် လက်မခံနိုင်ပါက လက်မခံနိုင်ကြောင်းကို သက်ဆိုင်ရာဧည့်သည် သို့မဟုတ် အဖွဲ့အစည်းထံ ပြန်ကြားပေးရမည်။

(စ) အပိုဒ်ခွဲ(ဃ) ပါအတိုင်း ကြိုတင်စာရင်းပေး မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ လက်ခံဆောင်ရွက်ပေးရန် အတည်ပြုပြန်ကြားပြီးပါက လက်ခံအတည်ပြုထားသည့် အတိုင်းဝန်ဆောင်မှုအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဆ ) ဟိုတယ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသော ဈေးနှုန်း၊ ဝန်ဆောင်မှုအစီအစဉ်များ၊သတ်မှတ်ချက်နှင့်စည်းကမ်းချက်များကို သက်ဆိုင်သည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနတို့သို့ ပေးပို့တင်ပြရမည်။

(ဇ) ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆိုင်ရာငွေစာရင်းများကို မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်၏ စစ်ဆေးအတည်ပြုချက်ကို ရယူထားရမည်။

(ဈ) စီမံခန့်ခွဲသူအ ဖစ် သင့်လျော်သော အရည်အချင်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သူကိုသာ ခန့်ထားရမည်။

(ည ) လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်ပြီးသည့် ကျွမ်းကျင်ဝန်ထမ်းများထားရှိရမည်။

(ဋ ) မိမိလုပ်ငန်းတွင် တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားလုပ်သား တစ်ဦးဦးက လုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုဖောက်ဖျက်လျှင်ဖြစ်စေ ယင်းကဲ့သို့ တာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်မှုအတွက် တာဝန်ရှိစေရမည်။

(ဌ ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများကအခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်သန်းဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ က-၄၉(ထွေ)/ ၃၀၄၂
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်

ဖြန့်ဝေခြင်း
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများအားလုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ)
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မိတ္တူကို
- ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ